## COVID- 19 ရောဂါကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း
## သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ
## (ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ အဆုတ်ရောဂါ စသည်...)ရှိသူများအတွက်
## အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များလိုက်နာရမည့် လုပ်ငန်းလမ်းညွှန်
## (Version – 1.0)

**(Updated as of 6-4-2020)**

အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအနေဖြင့် မိမိတာဝန်ကျရာ ကျန်းမာရေးဌာန အပိုင်နယ်မြေအတွင်း၌ သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ (ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ အဆုတ်ရောဂါ စသည်...) ရှိသူများ (COVID-19) ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရပါမည်-

(က) အသက်(၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများ အနေဖြင့် (COVID-19) ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရပါက ငယ်ရွယ်သူများထက်ပို၍ ရောဂါပြင်းထန်လေ့ရှိပြီး အသက်အန္တရာယ်ရှိသည့်နှုန်း မြင့်မားသည့်အတွက် တတ်နိုင်သမျှ အပြင်ထွက်ခြင်းမပြုရန် အသိပေးပြောကြားပါ။

(ခ) သက်ကြီးရွယ်အိုများနှင့်တကွ အတူနေမိသားစုဝင်များကိုပါ (COVID-19) ရောဂါ ကာကွယ်ရေးကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်ပါ။

(ဂ) ကျန်းမာရေးဌာနအခြေပြု သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း (အထူးသဖြင့်) ဆီးချို နှင့် သွေးတိုးရောဂါလူနာအသစ် ရှာဖွေစစ်ဆေးပေးမှုများကို ခေတ္တဆိုင်းငံ့ထားပါ။

(ဃ) သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအတွက် ဆေးဝါးလိုအပ်ချက် ရှိပါက အတူနေမိသားစုဝင်တစ်ဦးမှ ဆေးခန်းသို့လာရောက်ထုတ်ယူစေရေး အတွက် ညှိနှိုင်းဆောင်ရွက်ထားပါ။ (ဆေးပေးမည့်ရက်ကို ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရန်နှင့် အရေးပေါ်အခြေအနေ မဟုတ်ပါက လစဉ်ပေးသောစနစ်ကို ကျင့်သုံးပါ။)

(င) သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအနေဖြင့် အရေးပေါ် အခြေအနေမဟုတ်လျှင် ဆေးခန်းသို့ လာရောက်ပြသခြင်း မပြုပါရန်နှင့် တယ်လီဖုန်းဖြင့်သာ ဆက်သွယ်တိုင်ပင်ရန် မိသားစုနှင့်ရပ်ရွာလူထုသို့ အသိပေး ထားပါ။

(စ) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်ပါက အိမ်တိုင်ယာရောက် စစ်ဆေးကုသပြီး လိုအပ်လျှင် အထက်အဆင့်သို့ ညွှန်းပို့ပေးပါ။

(ဆ) အရေးပေါ်အခြေအနေကြောင့် ဆေးခန်းသို့လာရောက်ပြသမှုရှိခဲ့လျှင် အဆိုပါ လူနာများကို ဦးစားပေး၍ လျင်မြန်စွာကြည့်ရှုပေးပါ။ စစ်ဆေးကုသခြင်းမပြုမီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။

(ဇ) သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများတွင် (COVID-19) ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်လာပါက အထက်အဆင့်သို့ ချက်ချင်း သတင်းပို့၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသော လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

**မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲ၊**
**အခြေခံကျန်းမာရေးဌာနခွဲနှင့်**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**